

# “ကျည်ဆံမိုးတို့ သွန်းဖြိုးရာ”

## မြန်မာနိုင်ငံအရှေ့ပိုင်းမှ စစ်ရာဇဝတ်မှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် ကျွန်ုပ်တို့အားလုံး လူ့အခွင့်အရေးကို ရရှိခံစားနိုင်ရန်အတွက် လူတိုင်းတွင် လူသားဆန်မှုနှင့် အပြောင်းအလဲအတွက် လှုံ့ဆော်ပေးသည့် လူပေါင်း ၁၀ သန်း၏ လှုပ်ရှားမှု ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ အာဏာရှိသူများသည် ၎င်းတို့၏ ကတိများကို လိုက်နာ၊ နိုင်ငံတကာဥပဒေကို လေးစားလိုက်နာပြီး တာဝန်ခံမှုရှိစေမည့် ကမ္ဘာလောကတစ်ခုဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးအကျိုးအမြတ်နှင့် ဘာသာရေး တို့မှ

ကင်းလွတ်သောအဖွဲ့တစ်ခု ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့်ရပ်တည်နေသော အဖွဲ့ ဖြစ်သည်။

နေရာဒေသတိုင်းရှိ လူများနှင့် စည်းလုံးညီညွတ်ပြီး ကရုဏာတရားဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ပြောင်းလဲနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

© အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၂၀၂၂
ဤအစီရင်ခံစာပါအကြောင်းအရာများသည် Creative Commons အရ လိုင်စင်ယူထားပါသည်။
(ရည်ညွှန်းချက်ပေးခြင်း၊ စီးပွားဖြစ်မဟုတ်ခြင်း၊ ဆင့်ပွားအကျိုးအမြတ်မရှိခြင်းနှင့်
အပြည်ပြည်ဆိုင်ရာ ၄.၀) https://creativecommons.org/licenses/by-nc-nd/4.0/legalcode
နောက်ထပ်သိလိုပါက မိမိတို့၏ ဝက်ဆိုက်www.amnesty.org
မှခွင့်ပြုချက်များ စာမျက်နှာတွင်ကြည့်ပါ။
ပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မဟုတ်ပဲ အခြားမူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးကို
ခွင့်ပြုပါက
Creative Commons လိုင်စင်နှင့် မသက်ဆိုင်ပါ။
ပထမအကြိမ် - ၂၀၂၀
ပြည်ပြည်ဆိုင်ရာ
လွတ်ငြိမ်းချမ်းသာခွင့်လီမီတက်မှထုတ်ဝေသည်။
Peter Benenson House, 1 Easton Street
London WC1X 0DW, UK
အညွှန်း - ASA ၁၆/ ၅၆၂၉ / ၂၀၂၂
မူရင်း-အင်္ဂလိပ်ဘာသာ
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့

**amnesty.org**

*__မျက်နှာဖုံးဓာတ်ပုံ-__ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်းမှ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများ ထိုင်း-မြန်မာနယ်စပ် အကန့်အသတ်နှင့်ရရှိသော အကူအညီများရယူရန် သောင်ရင်းမြစ်ကို ဖြတ်ကျော်စဉ်၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ၂၀၂၂ ဇန်နဝါရီ ၇။ မြန်မာဘက်ခြမ်း သောင်ရင်းမြစ်ကမ်းတွင် ယာယီစခန်းချနေထိုင်။© ERUTERS/Athit Perawongmeta*

AMNESTY INTERNATIONAL

# မြေပုံ


N
LAOS
MYANMAR
SOUTHERN SHAN STATE
NAYPYIDAW
KAYAH STATE
MON STATE
KAYIN STATE
THAILAND
100 km
Basemap data: ESRI, MIMU

# အစီရင်ခံစာအကျဉ်းချုပ်

> **“ပေါက်ကွဲသံနဲ့အတူ သူ့အော်သံကို ကြားလိုက်ရတယ်။ အပြင်ထွက်ကြည့်တော့ သူက မြေကြီးပေါ်မှာ... အသက်တော့ရှူနေတုန်း... သူ့ကို ကျွန်တော် စကား ပြောမထွက်ဘူး... ဒါ နောက်ဆုံးစကား ဆိုတာမျိုး သူထင်မှာစိုးတယ်။”**
>
> ကရင်ပြည်နယ်၊ ကမိုင်းကုန်းကျေးရွာမှ အသက် ၅၂ နှစ်အရွယ် အမျိုးသားတစ်ဦးက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ပစ်ခတ်မှုအတွင်း ၎င်း၏ ဆွေမျိုးတော်စပ်သူ အမျိုးသမီးတစ်ဦး သေဆုံးသွားရပုံကို ပြောပြခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်တပ်သည် နိုင်ငံအနှံ့ လူ့အခွင့်အရေးချိုးဖောက်မှုများ ကြီးမားစွာ ကျူးလွန်ခဲ့သည်။ နိုင်ငံအရှေ့ဘက် ထိုင်းနိုင်ငံနှင့်နယ်စပ်တွင်တည်ရှိသော ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ အပါအဝင် ဒေသအများအပြားတွင် လက်နက်ကိုင် ပဋိပက္ခများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ထိုဒေသများတွင် စစ်တပ်၏ စစ်ဆင်ရေးများသည် လက်နက်ကိုင်အဖွဲ့ကို ထောက်ပံ့ခြင်း သို့မဟုတ် အာဏာသိမ်းပြီးနောက်တွင် ပိုမိုကျယ်ပြန့်သော ဆန္ဒပြလှုပ်ရှားမှုများပြုလုပ်သည်ဟု ယူဆသည့် အရပ်သားများကို စုပေါင်းပြစ်ဒဏ်ပေးသည့် ၎င်း၏ ပြုမြဲလုပ်ထုံးလုပ်နည်းကို ထင်ဟပ်စေသည်။ နိုင်ငံတကာ၏ ပျက်ကွက်မှုနှင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် စိတ်ဝင်စားမှုလျော့ကျ နေသည့်ကြားတွင် စစ်တပ်သည် အရပ်သားများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို လေကြောင်းနှင့် မြေပြင်မှ တိုက်ခိုက်ခဲ့ပြီး အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးရခြင်းနှင့် ပိုမိုနက်ရှိုင်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည့် နောက်ထပ်စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကဲ့သို့သော ရာဇဝတ်မှုမျိုးများကို ဖြစ်စေခဲ့သည်။

ဆက်လက်လုပ်ဆောင်နေသည့် စစ်ဆင်ရေးများအတွင်းတွင် ဖြစ်ပွားခဲ့သော အခြားသော ရာဇဝတ်မှုများတွင် စစ်တပ်သည် အမြောက်များနှင့် မော်တာများအပါအဝင် ကျယ်ပြန့်သော ဧရိယာများအားသက်ရောက်မှုရှိသော ပေါက်ကွဲစေတတ်သော လက်နက်များကို အရပ်သားများနေထိုင်ရာ ဒေသများသို့ အကြိမ်ကြိမ် ပစ်ခတ်ခဲ့သည်။ ထို ပြင်းထန်သည့် ရက်ရှည် တိုက်ခိုက်မှုများကို  အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ကိုယ်တွေ့ကြုံရသူတို့က

ပြောပြခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၂ မတ်လအတွင်း မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ အရပ်သားများ သေဆုံး သို့မဟုတ် ဒဏ်ရာရရှိမှု သို့မဟုတ် အရပ်ဘက်ပစ္စည်းများ ပျက်စီးသွားစေခဲ့သည့် အမြောက် သို့မဟုတ် မော်တာများဖြင့် တိုက်ခိုက်မှု ၂၄ကြိမ်ကို မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကလောဒေးကျေးရွာတွင် မိသားစုများ ထမင်းစားရန် ပြင်ဆင်နေစဉ် (သို့မဟုတ်) ထမင်းစားနေစဉ် ပစ်ခတ်မှုကြောင့် ကိုယ်ဝန် ရှစ်လရှိ အမျိုးသမီးတစ်ဦး အပါအဝင် လူခုနစ်ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူ လေးဦး၏ မိသားစုဝင် တစ်ဦးက သူကိုယ်တိုင်နှင့် အခြားသူများ နောက်ထပ်ပစ်ခတ်မှုများမှ ရှောင်ရှားနိုင်ရန် ၎င်း၏ နေအိမ်တွင်ပင်နေရင်း အလောင်းများကို မနက်မိုးလင်း မြေမမြှုပ်မီအထိ တစ်ညလုံး ထိုင်ကြည့်နေခဲ့ရကြောင်း ပြောပြသည်။

ထိုလအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုမှာ မွန်ပြည်နယ် သထုံမြို့နယ် တာမော်ဒေါကျေးရွာမှ ရွာသူရွာသားများ ဗုဒ္ဓဘာသာပွဲတော်အတွက် စုရုံးရောက်ရှိနေစဉ်တွင်မော်တာများ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အသက် ၅၀ အရွယ် အမျိုးသမီး နှစ်ဦးနှင့် အသက် ခုနစ်နှစ်အရွယ် ယောက်ျားလေးတစ်ဦးတို့ သေဆုံးခဲသည်။ အခြား အရပ်သား ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။“ဒါမလုပ်သင့်ဘူး။  ဘာသာရေးပွဲကိုလေ။”ဟု ထိုပွဲတွင် ကရင်ရိုးရာအကကသည့် သမီးနှစ်ဦးနှင့်အတူ ရောက်နေသည့် အသက် ၄၆ နှစ်အရွယ် မြတ်ထူးက ပြောသည်။“အဲဒါ ဖြစ်ပြီးကတည်းက ကျွန်တော်ကော ရွာသူရွာသားတွေပါ အိမ်ထဲမှာ မအိပ်ရဲတော့ဘူး… ကြောက်ကြောက်နဲ့ နေနေရတယ်။”

ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အပါအဝင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ပိုမိုကောင်းမွန်သော အခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ဆယ်စုနှစ်များစွာ ကြိုးပမ်းခဲ့ကြသည်။ စစ်တပ်၏ ရန်စမှုများနှင့် တိုင်းရင်းသားလူနည်းစုများကို ဆက်လက်ပစ်ပယ်ထားမှုများကြားမှ နှစ်အတန်ကြာ ထိန်းသိမ်းခဲ့သော အပစ်အခတ်ရပ်စဲရေးမှာ အာဏာသိမ်းပြီးနောက်ပိုင်း ပျက်ပြားသွားခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့သစ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ၂၀၂၁ ခုနှစ်အစောပိုင်း မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ဖြစ်ပွားလာချိန်မှစ၍ စစ်တပ်၏ တိုက်ခိုက်မှုများကြောင့် အရပ်သား ရာနှင့်ချီ သေဆုံးပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ၁၅၀၀၀၀ကျော်နှင့် နေအိမ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး အဆောက်အအုံများနှင့် ဘာသာရေးဝတ်ပြုရာနေရာများ အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်တွင် ၂၀၂၂ ခုနှစ် မတ်လနှင့် ဧပြီလတွင် ပြုလုပ်ခဲ့သော သီတင်းနှစ်ပတ်အကြာ သုတေသနအပါအဝင် သုတေသနပြုမှုများအတွင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျူးလွန်ခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ ဤအစီရင်ခံစာသည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိုက်ပွဲများ သိသိသာသာ ပြင်းထန်လာခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၂၂ ခုနှစ် မတ်လအတွင်းကာလများအထိကာလများကို ဖေါ်ပြထားသည်။ အစီရင်ခံစာက အဆိုပါပြည်နယ်နှစ်ခုရှိ အခြေအနေအပြင် နယ်နိမိတ်ချင်းထိစပ်နေသော မွန်ပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်း ဒေသအချို့၏ အခြေအနေကိုပါ ဆန်းစစ်ထားပါသည်။ သုတေသီများသည် တိုက်ခိုက်မှုများအတွင်း တိုက်ရိုက်သက်သေများ၊ မြန်မာစစ်တပ်မှ ထွက်ပြေးလာသူများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အကူအညီပေးရေး လုပ်သားများ အပါအဝင် လူ ၉၉ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် ဗီဒီယိုများနှင့် ဓာတ်ပုံများကိုလည်း စစ်ဆေးခဲ့ပြီး၊ လေယာဉ်ပျံသန်းမှုကို မြင်တွေ့သူများ၏ မှတ်တမ်းများကို ပြန်လည်သုံးသပ်ကာ၊ ဂြိုဟ်တုဓာတ်ပုံများနှင့် ကျေးရွာမီးလောင်မှုနှင့် အခြားပျက်စီးမှုဆိုင်ရာ အချက်အလက်များကိုလည်း ဆန်းစစ်လေ့လာခဲ့သည်။

သုတေသန၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကိုယ်စားလှယ်များသည် အမျိုးသားညီညွတ်ရေး အစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၂၂ ခုနှစ် မေလ ၁၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး

မင်းအောင်လှိုင်ထံ တွေ့ရှိချက်အကျဉ်းချုပ်များနှင့်အတူ ၎င်း၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များ၏ ချိုးဖောက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို တောင်းဆိုခဲ့သည့် စာတစ်စောင်ကိုလည်းပေးပို့ခဲ့သည် ။ ဤအစီရင်ခံစာ ထုတ်ဝေချိန်အထိ တုံ့ပြန်မှု တစ်စုံတရာ မရရှိခဲ့ပါ။

ကရင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် မြန်မာနိုင်ငံတွင် ၁၉၄၀ နှောင်းပိုင်းကတည်းမှ သက်တမ်းအရှည်ကြာဆုံးနှင့် အကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ တစ်ခုဖြစ်သည့် ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNU/KNLA) ကို မြန်မာ့စစ်တပ်က တိုက်ခိုက်ရန် အဓိက ဦးတည်နေပါသည်။ ကယားပြည်နယ်တွင် အဓိက EAO မှာ ၁၉၅၇ ခုနှစ်ကတည်းက စစ်တပ်နှင့် ပဋိပက္ခဖြစ်ပွားခဲ့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ကရင်နီတပ်မတော် (KNPP/KA) ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ကယားပြည်နယ် နှစ်ခုစလုံးတွင် EAO များသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် အရေးပါသော နယ်မြေများကို ထိန်းချုပ်ထားပြီး ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများ ရှိသည်။ ၎င်းတို့၏ အဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သုတေသနများပြုလုပ်နေစဉ်အတွင်း တွေ့ဆုံခဲ့သည်။

စစ်တပ်၏ ယခုနောက်ဆုံး အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) ဟုခေါ်သော ပြည်တွင်း လက်နက်ကိုင် အတိုက်အခံအဖွဲ့များသည် အမျိုးမျိုးသော ကွပ်ကဲမှုပုံစံများဖြင့် နိုင်ငံအနှံ့တွင် တည်ထောင်ခဲ့ကြသည်။ အချို့သော PDF များကို EAO များမှ လေ့ကျင့်သင်ကြားပေးပြီး EAO ၏ကွပ်ကဲမှုအောက်တွင်ရှိသည်။ အချို့မှာ အာဏာသိမ်းမှုမတိုင်မီ **2020** ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရပြီး တိမ်းရှောင်နေရသည့် သူအများစု၊ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ အချို့သော EAO များနှင့် တိုင်းရင်းသားလူနည်းစုများမှ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော ပြည်ပရောက် အုပ်ချုပ်ရေးအဖွဲ့- အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကွပ်ကဲမှုအောက်တွင် ရှိသည်။

အရပ်သားများကို သေကြေ ဒဏ်ရာရစေသည့် ဥပဒေမဲ့ မြေပြင်တိုက်ခိုက်မှုများအပြင် နေအိမ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး အဆောက်အအုံများ၊ ဘုရားကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ အပါအဝင် ကျေးရွာ ၁၉ ရွာတွင် အရပ်သားပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းများကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်ထားသည်။ ကယားပြည်နယ်တစ်ခုတည်းတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ခရစ်ယာန်ဘုရားကျောင်းရှစ်ကျောင်းထက်မနည်း အပါအဝင် နိုင်ငံတစ်ဝှမ်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်တပ်၏ ပစ်ခတ်မှုများကြောင့် ဘာသာရေးအဆောက်အအုံ ၁၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။ သက်သေထွက်ဆိုချက်များအပြင် ဓာတ်ပုံနှင့် ဗီဒီယိုပစ္စည်းများကို စိစစ်ခြင်းမှတစ်ဆင့် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုကြောင့် ဘာသာရေး အဆောက်အအုံများ ပျက်စီးခြင်း သို့မဟုတ် ဖျက်ဆီးခံရသည့် ဖြစ်ရပ် အနည်းဆုံး ခုနစ်ခုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ခဲ့သည်။ ၄ကြိမ်မှာ ပစ်ခတ်မှု၊ ၃ ကြိမ်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်သည်။ သုတေသီများသည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ စာသင်ကျောင်းများကို တိုက်ခိုက်မှု ၃ခုနှင့် အနည်းဆုံး ရွာလေးရွာရှိ စာသင်ကျောင်းများကို စစ်တပ်မှ သိမ်းပိုက်နေရာယူထားမှုကိုလည်း မှတ်တမ်းတင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ တွေ့ရှိချက်များအရ ရုရှားနှင့် တရုတ်ဂျက်တိုက်လေယာဉ်များ အပါအဝင် သုံးနေကျစနစ်များနှင့် ခေတ်သစ် တိုက်လေယာဉ်များပေါ်တွင် မှီခိုနေရသော စစ်တပ်၏ အရပ်သားဒေသများတွင် လေကြောင်းသုံးပြီး  တိုက်ခိုက်မှုများ တိုးလာနေခြင်းကို မီးမောင်းထိုးပြနေသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှု ရှစ်ခုတွင် အရပ်သား ကိုးဦး သေဆုံးပြီး အနည်းဆုံး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သားပိုင် ပစ္စည်းများလည်း ပျက်စီးခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက် ၁ နာရီခန့်က ကရင်ပြည်နယ် ဖာပွန်မြို့နယ် တဒွီးကုန်းကျေးရွာကို စစ်တပ်က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လူ ၂ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။“သူတို့ကြောင့် ကျွန်မတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေကို[မြန်မာစစ်တပ်] မြင်စေချင်ပါတယ်… ကျွန်မတို့ဒေသကိုလာပြီး ဒီလိုဒုက္ခတွေပေးတာ သူတို့ပါပဲ” ဟု

လွန်ခဲ့သည့် နှစ်လက ကျောရိုးအောက်ပိုင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည့် ယခုအထိ ပြင်းထန်သောနာကျင်မှုကိုလည်း ခံစားနေရလျက်ရှိသည့် အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးက တွေ့ဆုံမေးမြန်းမှုတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့သည်။

တောထဲတွင် သို့မဟုတ် စစ်ရှောင်စခန်းများတွင် ခိုလှုံရန် ရွာကိုစွန့်ခွာထွက်ပြေးသူများမှာလည်း တိုက်ခိုက်မှုများမှ ကင်းလွတ်ခွင့်မရကြပေ။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ကယားပြည်နယ် ရီခီးဘူး စစ်ပြေးဒုက္ခသည်စခန်းကို လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်နှင့် ၁၂ နှစ်အရွယ် ညီအစ်မနှစ်ဦး သေဆုံးခဲ့သည်။ ဒေသခံအာဏာပိုင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများက စစ်တပ်အနေဖြင့် ဤနေရာများသည် စစ်ပြေးဒုက္ခသည်များဖြစ်ကြောင်း စခန်းတည်နေရာအား ကောင်းစွာ သိရှိထားသင့်လောက်ပြီး ဝေဟင်မှ ထောက်လှမ်းခြင်းကြည့်ရှုရာတွင်လည်း လက်နက်ကိုင်အဖွဲ့များ၏ အခြေစိုက်စခန်းနှင့် စစ်ပြေးဒုက္ခသည်စခန်းအား ကွဲပြားစွာ ခွဲခြားတွေ့မြင်နိုင်မည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အရပ်သားများမှာ ၎င်းတို့၏နေ့စဉ်ဘဝအရေးအတွက် သွားလာလှုပ်ရှားမှုပြုလုပ်ခြင်းနှင့် တိုက်ခိုက်မှုများမှ လွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုပြုလုပ်ရာတွင်သော်မှ မြန်မာစစ်သားများက အရပ်သားတို့အား တမင်တကာ ပစ်ခတ်ခဲ့သော မှတ်တမ်းများ အများအပြားရှိပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလလယ်တွင် သောင်ရင်းမြစ်ကိုဖြတ်၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးရန် ကြိုးပမ်းစဉ် စစ်သားများ၏ ပစ်ခတ်မှုကြောင့် အနည်းဆုံး အရပ်သား ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကိုယ်တိုင်တွေမြင့်ခဲ့ရသည့် သူများအပြားထဲမှ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှ ပြောပြခဲ့သည်။ နောက်ဖြစ်ရပ်တစ်ခုမှာ ၂၀၂၂ခု မတ် ၃ ရက်တွင် ကရင်ပြည်နယ် ဖာပွန်မြို့အနီး ယွမ်စလင်းမြစ်ကမ်းနားတွင် ဇီးသီးကောက်သွားသည့် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးကို စစ်သားများက ပစ်ခတ်ခဲ့သည်။ "လမ်းလျှောက်တဲ့အခါ ခြေထောက်က နာနေတုန်းပဲ" ဟု ထိုကလေးက ဖြစ်ရပ်ဖြစ်ပွားအပြီး သုံးပတ်အကြာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သို့ ပြောကြားခဲ့သည်။ ကျွန်တော့်လေ ရင်ထဲ အတော်မကောင်းဘူး… [ပဋိပက္ခတွေနဲ့] ကျွန်တော်နဲ့မဆိုင်ဘူး… အခုတော့  သက်သက်မဲ့ အပစ်ခံလိုက်ရတယ်။"

ထို့အပြင် မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် စစ်သားများသည် လွတ်လပ်မှုအား မတရားသဖြင့် ဆုံးရှုံးစေမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ညှဉ်းဆဲဆက်ဆံမှု၊ တရားလက်လွတ် ကွပ်မျက်မှုများနှင့် သိသာထင်ရှားသည့် အဓမ္မ အစဖျောက်မှုများ အပါအဝင် ဖမ်းဆီးထိန်းသိမ်းရေးများနှင့် ဆက်စပ်ပြီး ချိုးဖောက်မှု အများအပြားကို ကျူးလွန်ခဲ့သည်။ အာဏာသိမ်းမှုနှင့် စစ်တပ် ဖြိုခွင်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများတွင်ပါဝင်သောကြောင့် စစ်အာဏာပိုင်တို့မှ လက်တုန့်ပြန်မည်ကို စိုးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်နေသော တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများနှင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သူများကို စစ်သားများက ပစ်မှတ်ထားသည်။ စစ်သားများက အခြားအရပ်သားများကို လည်း ၎င်းတို့၏ လူမျိုးအနွယ်ကို အခြေခံ၍ အထူးသဖြင့် ကရင်နှင့် ကရင်နီအသိုက်အဝန်းများမှ ပြည်သူများ  တိုက်ပွဲများ သို့မဟုတ် စစ်ရေးအရ ဗုံးကြဲခြင်းကြောင့် စွန့်ပစ်ခဲ့ရသော ကျေးရွာများသို့ ဝင်ထွက်သွားလာသူများ သိုမဟုတ် ကျန်ရှိနေသူများအား ဖမ်းဆီးလေ့ရှိသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထားသော ဆိုးရွားသော ဖြစ်ရပ်များစွာတွင် မြန်မာစစ်သားများက လူများကို ထိန်းသိမ်းထားစဉ်တွင် တရားလက်လွတ် ကွပ်မျက်ခဲ့သည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် စံပြ ၆ မိုင်ကျေးရွာတွင် အိမ်တွင်ရှိသော စားစရာများပြန်ယူရန် စစ်ဘေးရှောင်စခန်းမှ ထွက်ခွာလာသူ အမျိုးသားသုံးဦး ပျောက်ဆုံးသွားခဲ့သည်။ နှစ်ပတ်အကြာတွင် ၎င်းတို့၏ ပုံပန်းပျက်စီးနေသော ရုပ်အလောင်းများကို အိမ်သာတွင်းထဲတွင် တွေ့ရှိခဲ့သည်။ အသတ်ခံရသူများထဲမှ တစ်ဦး၏အစ်ကိုဖြစ်သူက အသတ်ခံရသူများကို ၎င်းတို့၏အဝတ်အစားနှင့် သွားများ၏ အနေအထားဖြင့် ဖော်ထုတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အလောင်းများကို သယ်ယူရန် ကြိုးစားစဉ် အစ်ကိုနှင့် အခြားသူများကို စစ်သားများက ပစ်ခတ်ခဲ့သည်။ တစ်လအကြာတွင်မှ ပြန်လာပြီး အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ မြို့များ ရွာများကို စီးနင်းတိုက်ခိုက်ရာတွင် စစ်သားများက စနစ်တကျ လုယက်မှုများနှင့် အထူးသဖြင့် ကယားပြည်နယ်တွင် နေအိမ်များကို မီးရှို့ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ စစ်သားများသည် လက်ဝတ်ရတနာများ၊ ငွေသားများ၊ ယာဉ်များနှင့် မွေးမြူထားသည့် တိရစ္ဆာန်များ တခါတရံ ဆန်အိတ်များကို ထိုးခဲ့ကြပြီး စားနပ်ရိက္ခာများကိုဖျက်ဆီးကြခြင်းအပါအဝင် ပိုင်ဆိုင်မှုများကို လုယက်ခဲ့ကြောင်း ရွာခြောက်ရွာမှ မျက်မြင်သက်သေများက ပြောပြကြသည်။ “ယူမသွားနိုင်တဲ့ ဟာတွေကျတော့ ဖျက်ဆီးဖို့ ကြိုးစားကြတယ်” ဟု စစ်သားများက အိမ်များကို ဖောက်ထွင်းဝင်ရောက်ကာ ပစ္စည်းများနှင့် တိရစ္ဆာန်များယူဆောင်သွားသည်ကို ပုန်းအောင်းနေရာမှ ကြည့်ရှုနေခဲ့သည့် ကရင်ပြည်နယ် မြို့ဟောင်းကျေးရွာမှ အသက် ၃၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မီးလောင်မှုဆိုင်ရာ အချက်အလက်နှင့် ဂြိုလ်တုဓာတ်ပုံများကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် ကယားပြည်နယ်၏ ဒေသအချို့တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ  ဧပြီလအထိ ကျေးများ မီးလောင်ကျွမ်းနေမှုနှင့် အချို့ကျေးရွာများမှာ အကြိမ်များစွာ ထပ်တလဲလဲ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ အထိအနာဆုံး ဒေသများထဲတွင်ဆိုလျှင် ရှမ်းပြည်နယ် တောင်ပိုင်း မိုးဗြဲမြို့မှ ကယားပြည်နယ် ဒီမောဆိုသို့ ဖေဖော်ဝါရီ လလယ်နှင့် မတ်လနှောင်းပိုင်းအထိ စစ်ဆင်ရေးအတွင်း တောင်ဘက်သို့ စစ်ကြောင်း ရွှေ့ပြောင်းသည့် လမ်းကြောင်းတစ်လျှောက် ရွာတိုင်းနီးပါးရှိ နေအိမ်များနှင့် အခြားအဆောက်အဦများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရှမ်းနှင့် ကယားပြည်နယ် နယ်စပ်ရှိ ဝါရီစူပလီကျေးရွာမှ ထွက်ပြေးလာသူ အရပ်သားအချို့သည် နေအိမ်များ မီးညွန့်များတက်လာသည်ပြီး နောက်တွင် ရွာလုံးကျွတ် မီးလောင်ကျွမ်းသွားခဲ့သည်ကို အနီးနားရှိ လယ်မြေများမှနေပြီးတွေ့မြင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ ရွာရှိ အိမ်ခြေ သုံးပုံနှစ်ပုံကျော် မီးရှို့ခံခဲ့ရသည်။“အိမ်တွေမဟုတ်တော့ဘူး။ ပြာပုံအတိ အနက်ရောင်မီးသွေးတွေဖြစ်သွားပြီ… ကျွန်တော်တို့ တစ်သက်တာ စုဆောင်းမှုလေး ခုတော့ မိနစ်ပိုင်းအတွင်း ပြာဖြစ်သွားပြီ” ဟု အသက် ကလေးနှစ်ဦး၏ဖခင် ၃၈ နှစ်အရွယ်လယ်သမားက ပြောသည်။

ပြင်းထန်သော တိုက်ပွဲများနှင့် စစ်ရေး ချိုးဖောက်မှုများသည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ကြီးမားသော စိတ်ပိုင်းဆိုင်ရာ လူမှုရေး ထိခိုက်မှုနှင့် ကြီးစွာသော အစုလိုက်အပြုံလိုက် အိုးမဲ့အိမ်မဲ့စွန့်ခွါမှုများ ဖြစ်စေခဲ့သည်။ ကယားပြည်နယ်၏ စုစုပေါင်း လူဦးရေ၏ သုံးပုံတစ်ပုံကနေ ထက်ဝက်ခန့်အထိမှာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ အချို့သောအခြေအနေများတွင် ရွာလုံးကျွတ် ထွက်ပြေးခဲ့ရသည်။ လွန်ခဲ့သောလများအတွင်း၌ တခါတရံတွင် အရပ်သားများသည် တစ်ကြိမ်ထက်မက ရွာမှထွက်ပြေးခဲ့ရသည်များ ရှိခဲ့သည်။ စားနပ်ရိက္ခာ၊ ရေနှင့် လုံလောက်သော အမိုးအကာမရှိခြင်း အပါအဝင် အန္တရာယ်ရှိသော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အရပ်သားများသည် ဝတ်ပြုရာအိမ်များ၊ စာသင်ကျောင်းများ၊ ယာယီတဲများ၊ လိုဏ်ဂူများနှင့် တောတွင်းအပါအဝင် ရရာနေရာများတွင်လည်း ခိုလှုံနေကြရသည်။

ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အတားအဆီးများ၊ လမ်းပိတ်ဆို့မှုများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များကဲ့သို့သော အသက်ကယ်ဆယ်ရေးပစ္စည်းများကို သိမ်းဆည်းမှုများ အပါအဝင်၊ အရေးကြီးသော အကူအညီများအပေါ် စစ်တပ်၏ ကန့်သတ်ချက်များကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေလျက်ရှိသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဝန်ထမ်းများကို ဖမ်းဆီးခြင်း တစ်ခါတစ်ရံ အတင်းအဓမ္မ အစဖျောက်ပစ်ခြင်း၊ စစ်ရေးတိုက်ခိုက်မှုများကို ကြောက်ရွံ့သောကြောင့် နေရပ်စွန့်ခွာပြေးသူ အများအပြားသည် စစ်ဘေးရှောင်စခန်းများကို စွန့်ခွာပြီး ပိုမို တောထူထပ်သောနေရာများနှင့် လိုဏ်ဂူများသို့ နေရာရွှေ့ပြောင်းကြသဖြင့် ၎င်းတို့ဆီသို့ အကူအညီပေးအပ်နိုင်ရေးမှာ အလှမ်းဝေးကာ ပိုမိုခက်ခဲစေသည်။

ဤတွေ့ရှိချက်များသည် ယခင်က မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မှတ်တမ်းတင်ထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ စားနပ်ရိက္ခာ၊ ငွေကြေး၊ ထောက်လှမ်းရေးနှင့် တပ်သားသစ်များစုဆောင်းနိုင်ရေးကို ပြတ်တောက်စေရန်ရည်ရွယ်သည့် စစ်တပ်၏ “ဖြတ်လေးဖြတ်” ဗျူဟာကို အရပ်သားလူထုအား အပြစ်ပေးသည့်

အနေဖြင့် ချမှတ်ခြင်းများ မကြာခဏ ပြုလုပ်လေ့ရှိသည့်ဆိုသည့်အချက်ကို ပိုမိုခိုင်မာစေပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ ပဋိပက္ခများအကြောင်း မှတ်တမ်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ထပ်ခါတလဲလဲ တမင်တကာ ချိုးဖောက်သည့် မြန်မာစစ်တပ်၏ လုပ်ရပ်များကို ဖော်ပြထားသည်။ ချိုးဖောက်မှု အများစုမှာ စစ်ရာဇဝတ်မှုမြောက်ပါသည်။ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအကျပ် လွှဲပြောင်းမှု၊ လူမျိုးရေး အကြောင်းပြချက်ဖြင့် နှိပ်စက်ညှဉ်းပန်းမှု အပါအဝင် နိုင်ငံတကာဥပဒေက တားမြစ်ထားသော အချို့သော လုပ်ရပ်များကို အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့သည့်အတွက် ၎င်းတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ဖြစ်နိုင်သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် အဆိုပါ စစ်ရာဇဝတ်မှုများနှင့်မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကဲ့သိုသော ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်နေသော၊ ယူနီဖောင်းပေါ် ရှိ အမှတ်အသားများမှတဆင့် မျက်မြင်သက်သေများက သိရှိခဲ့ရသည့် ခြေလျင်တပ်မ (၆၆) အပါအဝင် တပ်ဖွဲ့အချို့ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ ၂၀၂၁ ကယားပြည်နယ် စစ်ဆင်ရေးတွင် ပါဝင်ခဲ့သည့် တပ်မ ၆၆ မှ စစ်မြေပြင်တပ်မှူးဟောင်းတစ်ဦးမှ အရပ်သားများအား ဦးတည်သည့်တိုက်ခိုက်မှုများ မီးရှို့လုယက်မှုများနှင့် အတည်ပြုထားသော ပြုလုပ်နေကျဖောက်ဖျက်မှုပုံစံများကို မြင်တွေ့ခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ပြောကြားရာတွင် စစ်တပ်၏ ခေါင်းဆောင်ပိုင်းကို သူက“သူတို့က လူတွေရဲ့ရင်ထဲ အကြောက်တရားကို ထည့်ပေးချင်တာ”ဟုပြောပါသည်။ အခြားသော ပါဝင်ပတ်သက်မှုရှိသည့်တပ်ဖွဲ့များတွင် အမြောက်နှင့် လေတပ်ညွှန်ကြားမှု ဦးစီးဌာန၏ လက်အောက်ခံ အရှေ့နှင့်အရှေ့တောင်တိုင်း စစ်ဌာနချုပ်များ ပါဝင်သည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ အရပ်သားများအပေါ် စစ်တပ်၏ ရာဇဝတ်မှုများသည် ဆယ်စုနှစ်များစွာကြာ ချိုးဖောက်မှုများနှင့် အပြစ်ပေးခံရမှုမှ သိသိသာသာ ကင်းလွတ်နေသည့် ပုံစံများကို ထင်ဟပ်နေသည်။ မကြာသေးမီနှစ်များအတွင်း စစ်တပ်၏ ထပ်ခါတလဲလဲကျူးလွန်သည့် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် ရာဇဝတ်မှုများ ရှိနေသည့်ကြားကပင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပျက်ကွက်မှုသည် အရပ်သားများအပေါ် စစ်တပ်၏ထပ်လောင်း ရက်စက်ကြမ်းကြုတ်မှုများကို အားပေးအားမြှောက်ပြုလျက်ရှိသည်။ နောက်ထပ်ဖြစ်ပေါ်လာမည့် ရာဇဝတ်မှုများကို တားဆီးရန်နှင့် တာဝန်ခံမှု ရှိစေရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် စစ်ဘက်ဆိုင်ရာ လေကြောင်းလောင်စာဆီများ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အပါအဝင် လက်နက်ရောင်းချမှုအားလုံးအပေါ် ပိတ်ဆို့မှုကို လျင်မြန်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော အခြေအနေအား နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ တင်ပြပေးရမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဗြိတိန်တို့အပါအဝင် အခြားနိုင်ငံများအနေနှင့် တာဝန်ခံမှုနှင့် အဆုံးအဖြတ်ပေးသည့် လုပ်ရပ်များနှင့်စစ်ဘက်သို့ လက်နက်များ လွှဲပြောင်းပေးခြင်းကိုရပ်တံ့ရန် အပါအဝင် စစ်တပ်၏ ချိုးဖောက်မှုများကို ဆက်လက်သည်းခံနိုင်မည်မဟုတ်ကြောင်း ရှင်းလင်းပြတ်သားသည့် သတင်းစကား ပေးပို့ရမည်ဖြစ်သည်။ အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အေဂျင်စီများသည်လည်း လိုအပ်သော အကူအညီများကို ၎င်းတို့ဘက်မှ သိသိသာသာ တိုးမြှင့်ပေးရမည်ဖြစ်သည်။ နိုင်ငံတကာအသိုက်အဝန်းအနေနှင့် ၎င်းတို့၏ ပျက်ကွက်မှုကြောင့် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် နိုင်ငံတဝှမ်းရှိ အရပ်သားများမှာ ကြီးမားသောပေးဆပ်မှုများဖြင့် ပေးဆပ်နေရစဉ်တွင် ဒီအတိုင်း ဆက်လက်ပိုက်ကြည့်မနေသင့်တော့ပြီ ဖြစ်သည်။

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဒေးဘူနို အထက်တန်းကျောင်း- မြန်မာစစ်တပ်က ၂၀၂၁ ခုနှစ် မတ်လ လေကြောင်းတိုက်ခိုက်မှုအတွင်း ဗုံးကြဲခဲ့ပြီးနောက် ပျက်စီးခဲ့၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄။ ၂၀၂၂ ခုနှစ် မတ်လတွင် နောက်ထပ်လေကြောင်းတိုက်ခိုက်မှု ထပ်မံခံခဲ့ရ။© *Kirana Productions/Jeanne Hallacy*

မြန်မာစစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများကြောင့် ကရင်ပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်နေရသူများ ထိုင်းနယ်စပ် သောင်ရင်းမြစ်ကမ်းတလျှောက် ယာယီစခန်းတွေမှာ နေထိုင်လျက်ရှိ၊ ၂၀၂၂ မေ ၃။ © *Guillaume Payen/Anadolu Agency via Getty Images*

# နိဂုံးနှင့် အကြံပြုချက်များ

## “သူတို့က လူတွေရဲ့ရင်ထဲ အကြောက်တရားကို ထည့်ပေးချင်တာ”

တပ်မ (၆၆) မှ နယ်မြေခံ တပ်မှူးဟောင်း တစ်ဦးက စစ်တပ်မှ ပစ်ခတ်မှုကြောင့် အရပ်သား နယ်မြေများ နှင့် ရွာများမီးလောင်မှု အကြောင်းကို ပြောပြသည်။[၁]

အာဏာသိမ်းပြီး တစ်နှစ်ကျော်အကြာတွင် ကမ္ဘာ၏ အာရုံစိုက်မှုမှာ မြန်မာနိုင်ငံနှင့် ဝေးကွာသွားခဲ့ပြီး စစ်တပ်က ၎င်း၏အုပ်ချုပ်မှုကို ဆန့်ကျင်သည်ဟု ယူဆသော အရပ်သားများအပေါ် ဆက်လက် ချေမှုန်းလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်၏ ပထမငါးလအတွင်း မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချိုးဖောက်မှုများ၏ အတိုင်းအတာနှင့် ပြင်းထန်မှုမှာလည်း အလားတူ ပိုဆိုးလျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့များနှင့် အခြားသော အတိုက်အခံ တိုက်ခိုက်ရေးသမားများကို ဆန့်ကျင်သည့် စစ်ဆင်ရေးများတွင် စစ်တပ်သည် ဆယ်စုနှစ်များစွာ သက်တမ်းရှိ စုပေါင်းပြစ်ဒဏ်ပေးနည်း နည်းနာများကို ပြန်လည်အသုံးပြုခဲ့သည်။ ရွာများကို အမြောက်ဖြင့် လေကြောင်းဖြင့် နေ့ရောညပါ ပစ်ခတ်ခြင်း၊ သိမ်းယူထားသော ရွာများကို လုယက် မီးရှို့ခြင်း၊ ကျေးရွာလူထုကို အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း၊ မကြာခဏ ကြိမ်ဖန်များစွာ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် တစ်ခါတစ်ရံ အရပ်သားများနှင့် ဖမ်းဆီးထားသော တိုက်ခိုက်ရေးသမားများကို တရားလက်လွတ် ကွပ်မျက်ခြင်း၊ လူထုအတွက် စားနပ်ရိက္ခာ၊ ဆေးဝါးစောင့်ရှောက်မှုနှင့် အခြားလိုအပ်သောပစ္စည်းများကို ဖြတ်တောက်ခြင်းတို့ဖြစ်သည်။

မကြာသေးမီက စစ်တပ်မှ ထွက်ပြေးလာသူများ၏ ထွက်ဆိုချက်များအပြင် နိုင်ငံအနှံ့ အလားတူ စစ်ရေးနည်းပရိယာယ်များ၏ နှစ်ပေါင်းများစွာရှိခဲ့သော သက်သေအထောက်အထားများက သံသယဖြစ်စရာ မလိုတော့သည်ကိုပြနေသည်။  ယင်းသို့ ရက်စက်ကြမ်းကြုတ်မှုများသည် ရည်ရွယ်ချက်ရှိရှိ ချမှတ်ထားသော စစ်ရေးဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တာဝန်ရှိသူများမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သူ့အနားတွင်ရှိသော အထွေထွေ အရာရှိကြီးများ အပါအဝင် ထိပ်ပိုင်းခေါင်းဆောင် အဆင့်ရှိသူများဖြစ်ကြသည်။ စစ်တပ်အနေနှင့် သူ့သဘောနှင့်သူကား လမ်းကြောင်းပြောင်းမည် မဟုတ်ပေ။ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မြောက်မှုတွေအတွက် တာဝန်ရှိသူတွေကို တရားရေးလမ်းကြောင်းပေါ်ရောက်အောင် ဆောင်ရွက်ပေးဖို့ နိုင်ငံတကာ၏ ဖိအား ကင်းမဲ့နေမှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းက အရပ်သားများမှာ ဆက်လက်ခံစားနေကြရပြီး “ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အပါအဝင် မြန်မာနိုင်ငံတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများမှာ ပိုမိုဆိုးရွားလာမည်ဖြစ်သည်။”

စစ်သုံး လေကြောင်းလောင်စာဆီများ ရောင်းချခြင်း သို့မဟုတ် တင်ပို့ခြင်းအပါအဝင် လက်နက်ရောင်းချမှုအားလုံး ပိတ်ပင်ရန်နှင့် မြန်မာနိုင်ငံအခြေအနေအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ တင်ပြပေးရန်များကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အကောင်အထည်ဖော်သင့်သည်မှာ အချိန်လွန် ကြာမြင့်နေပြီဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အကြီးတန်း စစ်ဘက်အရာရှိကြီးများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့တွင် ယုံကြည်လောက်ဖွယ် ပါဝင်ပတ်သက်ခဲ့သည်။ ကမ္ဘာမှ လုပ်ဆောင်ရန် ပျက်ကွက်နေခဲ့ပြီး အဆိုပါ အရာရှိကြီးများသည် ခေါင်းဆောင်ရာထူးများ တွင် ဆက်လက်တည်ရှိနေပါသည်။ ရာဇဝတ်မှုများ ထပ်ခါထပ်ခါဖြစ်ပွားနေပြီး၊ နေရာဒေသသာ ပြောင်းလဲမှုရှိပါသည်။ လုံခြုံရေးကောင်စီသည် ၎င်း၏လုပ်ငန်းတာဝန်များကို ဆက်လက်မျက်ကွယ်ပြုနေပါက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၊ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်နှင့် တရုတ်နိုင်ငံတို့ အပါအဝင် အခြားနိုင်ငံများအနေနှင့် တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာစစ်တပ်ထံ ရောင်းချ သို့မဟုတ် ထောက်ပံ့ထားသည့် လက်နက်မှန်သမျှမှာ အရပ်သားများအပေါ် နှိမ်နင်းရာတွင် အသုံးပြုဖွယ်ရှိသည်။ အပြစ်ပေးခံရခြင်းမှ ဆက်လက်ကင်းလွတ်နေခြင်းသည် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားသူများနှင့် တိုင်းရင်းသားလူနည်းစုအသိုင်းအဝန်းအပေါ် စစ်ပွဲများဆင်နွှဲရာတွင် စစ်တပ်၏ဦးဆောင်နိုင်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

အာဏာသိမ်းမှုအပြီးတွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အရပ်သားများသည် ၎င်းတို့၏အခွင့်အရေးများကို လေးစားလိုက်နာရန် တောင်းဆိုရာတွင် ထူးခြားသောသတ္တိနှင့် စည်းလုံးညီညွတ်မှုကို ပြသခဲ့ကြသည်။ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ကဲ့သို့သော နေရာများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သူများသည် စစ်တပ်၏ ရာဇဝတ်မှုများကို မှတ်တမ်းတင်ရန်နှင့် ပဋိပက္ခဒဏ်ခံရပ်ရွာများသို့ မရှိမဖြစ်လိုအပ်သော အကူအညီများ ပေးအပ်ရန် ကြီးမားသောအန္တရာယ်များကို သတ္တိရှိရှိ ရင်ဆိုင်လုပ်ဆောင်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများမှ သူတို့ကို ထောက်ခံဖို့ အချိန်တန်ပြီဖြစ်ပါသည်။

# အကြံပြုချက်များ

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့

- မြန်မာနိုင်ငံမှအခြေအနေအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ တင်ပြရန်။
- မြန်မာနိုင်ငံကိုလက်နက်တင်ပို့ရောင်းချမှုအားလုံး ပိတ်ဆို့ရန်။ စစ်သုံး လေကြောင်းလောင်စာဆီ အပါအဝင် လက်နက်၊ ခဲယမ်းမီးကျောက်နှင့် အခြားစစ်ဘက်နှင့်လုံခြုံရေးဆိုင်ရာပစ္စည်းများ တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ လက်နက်ပစ္စည်းများကို ကြားခံရယူစေခြင်း၊ စစ်ဘက်နှင့်လုံခြုံရေးဘက်ဆိုင်ရာ ထောက်ပံ့ကူညီခြင်းနှင့်သင်တန်းပေးခြင်းတို့ကို တားမြစ်ခြင်းနှင့် ယင်းပိတ်ဆို့အရေးယူမှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် စောင့်ကြည့်ရေးလုပ်ငန်းစဉ်တစ်ခု ချမှတ်ရန်။
- ဆိုးဝါးသော ချိုးဖောက်ကျူးလွန်မှုများအတွက်တာဝန်ရှိသော အရာရှိကြီးများကို ဦးတည်ပစ်မှတ်ထားသော ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ဆောင်ရွက်ရန်နှင့်
- မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာစွာ အစည်းအဝေးများ ပုံမှန်ကျင်းပပြီး မြန်မာအာဏာပိုင်များထံသို့ - လိုအပ်မှုလည်းရှိနေသည့်အတိုင်း- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အကန့်အသတ်မရှိ ဝင်ရောက်ခွင့်ပြုရန်၊ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့ (IIMM) နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့ အပါအဝင် လွတ်လပ်သော

စုံစမ်းစစ်ဆေးရေးမှူးများအတွက် အတားအဆီးမရှိ သွားလာခွင့်ပြုရန်စသော တိကျရှင်းလင်းသော သတင်းစကား ပါသည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များ လိုအပ်သလို ချမှတ်ရန်။ ပြစ်မှုကျူးလွန်သူများကို ရာဇဝတ်မှုဖြင့် အရေးယူရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်။

## အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့

- သက်ဆိုင်ရာပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) အပါအဝင် NUG ၏ကွပ်ကဲမှုအောက်ရှိ မည်သည့်တပ်ဖွဲ့မဆို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေစည်းမျဉ်းများကို တင်းတင်းကျပ်ကျပ်သေချာစွာလိုက်နာစေရန်။ အထူးသဖြင့်၊ အရပ်သားများ အများအပြားနေထိုင်ရာ ဒေသများတွင် တိုက်ခိုက်ရေးသမားများအားနေရာချထားခြင်းနှင့် အခြား စစ်ရေးဆိုင်ရာ ရည်မှန်းချက်များကို တတ်နိုင်သရွေ့ ရှောင်ရှားခြင်းအပါအဝင် အရပ်သားများနှင့် အရပ်ဘက်အရာဝတ္ထုများအား ၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိနေသော တိုက်ခိုက်မှုများ၏အကျိုးသက်ရောက်မှုများမှ ကာကွယ်ရန်။
- မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို နိုင်ငံတကာဥပဒေများအောက်တွင် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့ (IIMM)၊ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၊နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့်အတူ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ တရားစွဲအရာရှိ၏ ဘင်္ဂလားဒေ့ရှ်/မြန်မာ ကိစ္စ စုံစမ်းစစ်ဆေးမှုတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကြေငြာချက် အပိုဒ် ၁၂(၃) နှင့်အညီ၊ တရားမျှတမှုနှင့် တာဝန်ခံမှုကို ပံ့ပိုးကူညီရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်။
- မြန်မာနိုင်ငံအရှေ့ပိုင်းအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို တုံ့ပြန်ရာတွင် ပိုမိုကြီးမားသော နိုင်ငံတကာအကူအညီကို ဆက်လက်ရယူရန်။ တောင်းဆိုချက်များတွင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (MHPSS) တိုးမြှင့်လာစေရေးအတွက် လိုအပ်နေကြောင်း ရှင်းလင်းသည့် တောင်းဆိုမှုများ ပါဝင်ကြောင်း သေချာစေရန်။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ(SAC) သို့

- မြန်မာနိုင်ငံအရှေ့ပိုင်းရှိ စစ်ဆင်ရေးများ အပါအဝင် အခြားသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများ၊ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော နောက်ထပ်ရာဇဝတ်မှုများကို ချက်ခြင်းအဆုံးသတ်ပြီး တားဆီးကာကွယ်ရန်။ ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူညီချက်များ အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိတိကျကျ လိုက်နာရန်။
- အနီးတစ်ဝိုက်တွင် စစ်ရေးရည်မှန်းချက်များရှိနေသည့်တိုင် အရပ်သားဒေသများတွင် အမြောက်နှင့် မော်တာကျည်ဆန်များနှင့် ဦးတည်ရာမဲ့ လေကြောင်းတိုက်ခိုက်မှုများကဲ့သို့သော ကျယ်ပြန့်သောဧရိယာကို ထိရောက်မှုများစေသော ဖောက်ခွဲရေးလက်နက်များအသုံးပြုမှုကို အဆုံးသတ်ရန်။
- လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် စစ်တပ်၏ ကွပ်ကဲမှုအောက်ရှိ စစ်တပ်ဖွဲ့ဝင်များနှင့် အခြားတပ်ဖွဲ့များ၏ ဆိုးရွားသော အခြားချိုးဖောက်မှုများနှင့်သက်ဆိုင်သည့် စွပ်စွဲချက်များအားလုံးကို မဆိုင်းမတွ၊ ဘက်မလိုက်၊ အမှီအခိုကင်းကာ ထိရောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရေးအတွက် အမိန့်ချမှတ်ရန်။ လုံလောက်သော လက်ခံနိုင်သော သက်သေအထောက်အထားများရှိပါက၊ အမိန့်ပေးသည့်တာဝန်ရှိမှု အပါအဝင် ပြစ်မှုကျူးလွန်ရာတွင်တာဝန်ရှိသည်ဟု ကျိုးကြောင်းဆီလျော်စွာ

သံသယရှိသူတို့အား သေဒဏ်ပေးရန် မလိုအပ်ဘဲ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော တရားစီရင်ရေး သို့ပို့ဆောင်ရန်။

- ဤအစီရင်ခံစာတွင် အမည်ဖော်ပြထားသောသူများအပါအဝင် ပျောက်ဆုံးနေသူများ၏ အခြေအနေနှင့် ၎င်းတို့ဘယ်မှာရှိနေသည်ဆိုသည့် သတင်းအချက်အလက်များကို မိသားစုများနှင့် အခြားသက်ဆိုင်သူများထံ ချက်ခြင်းအကြောင်းကြားပြီး ၎င်းတို့အား ဖမ်းဆီးရသည့် အကြောင်းရင်း အသေးစိတ်အချက်အလက်များကို ပေးရန်။
- မြန်မာနိုင်ငံအရှေ့ခြမ်းရှိ နေရာအားလုံးသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူများ အမြန်ဆုံး အတားအဆီးမရှိ ရောက်ရှိစေနိုင်စေရန်နှင့် ကူညီပံ့ပိုးပေးစေရန်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဘက်မလိုက်သော ကယ်ဆယ်ရေးများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအပါအဝင် အကူအညီလိုအပ်နေသောအရပ်သား အားလုံးထံသို့ရောက်ရှိနိုင်စေရန်။ စည်းမျဉ်းစည်းကမ်းများကို လျှော့ချပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ရန် ခွင့်ပြုမိန့်လျှောက်ထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများနှင့် အဖွဲ့အစည်းများအတွက် ပွင့်လင်းပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းစဉ်များ ချမှတ်ရန်။
- တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများအပါအဝင် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ အရပ်သားများအတွက် ရည်ရွယ်သည့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များကို ပိတ်ဆို့ခြင်းနှင့် ခိုးယူခြင်းများကို ချက်ချင်းရပ်တန့်ရန်။
- မြေမြှုပ်မိုင်းအသုံးပြုမှုကို ရပ်ရန်။ မိုင်းရှင်းလင်းရေး အစီအစဉ်များ တိုးချဲ့ခြင်းအား ပံ့ပိုးကူညီပြီး တစ်ချိန်တည်းတွင် မြေမြှုပ်မိုင်းရှိ ဧရိယာများနှင့် ပတ်သက်၍ အရပ်သားများအား သတိပေးရန် လိုအပ်သော အစီအမံများ အားလုံးကို ဆောင်ရွက်ရန်။
- အရပ်သားများကို လွတ်လပ်စွာ အကန့်အသတ်မရှိ သွားလာခွင့်ပြုပြီး အိုးမဲ့အိမ်မဲ့ဖြစ်သူများ ၎င်းတို့၏နေရပ်များသို့ ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိရှိနှင့် ဆန္ဒအလျောက် လွတ်လွတ်လပ်လပ်၊ လုံလောက်သောသတင်းအချက်အလက်ရရှိပြီး၊ တစ်ဦးချင်းရွေးချယ်မှုအပေါ် အခြေခံ၍ ပြန်လာနိုင်ခွင့်ကို လေးစားရန်။
- နိုင်ငံတဝှမ်းတွင် အတားအဆီးမရှိ သွားလာခွင့်ပြုခြင်းဖြင့် ပဋိပက္ခများတွင် ပါဝင်သူများအားလုံး၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်နိုင်စေရန်အပါအဝင် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့ IIMM မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် OHCHR တို့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်
- နိုင်ငံတကာရာဇဝတ်ခုံရုံး ICC ၏ တရားစွဲအရာရှိရုံးမှ လက်ရှိလုပ်ဆောင်လျက်ရှိသောနှင့် နောက်တွင်ပြုလုပ်မည့် စုံစမ်းစစ်ဆေးမှုများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်။ နှင့်
- စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြေညာစာတမ်းကို ထောက်ခံပြီး ကျောင်းများနှင့် တက္ကသိုလ်များကို လက်နက်ကိုင် ပဋိပက္ခအတွင်း စစ်တပ်မှ အသုံးပြုမှု ကာကွယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စစ်ဘက်ဆိုင်ရာမူဝါဒများကို ဖြစ်စေရန်။

## KNU/KNLA၊ KNPP/KA၊ KNDF နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အပါအဝင် မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ လက်နက်ကိုင်အဖွဲ့များသို့

- တပ်ဖွဲ့များအနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ စည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် လိုက်နာမှုရှိစေရန်။ အထူးသဖြင့်၊ တပ်ဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် ဒေသများတွင် အရပ်သားများနှင့် အရပ်သားများ၏ပိုင်ဆိုင်မှုများကို တိုက်ပွဲများကြောင့်ထိခိုက်မှုများမှ ဖြစ်နိုင်သည့်အတိုင်းအတာအထိ ရှောင်ရှားခြင်း၊ တိုက်ခိုက်ရေးသမားများနှင့် အခြားစစ်ရေး လှုပ်ရှားမှုများကို လူနေထူထပ်သောနေရာများတွင်မထားရှိခြင်းဖြင့် ကာကွယ်ရန် တတ်နိုင်သမျှ ကြိုတင်သတိမူရမည့်အချက်များအားလုံးကို လိုက်နာကြောင်း သေချာစေရန်။
- မြေမြှုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ IEDs များအသုံးပြုမှုကို အဆုံးသတ်ရန်။ မိုင်းရှင်းလင်းရေး အစီအစဉ်များ တိုးချဲ့ခြင်းအား ပံ့ပိုးကူညီပြီး တစ်ချိန်တည်းတွင် မြေမြှုပ်မိုင်း သို့မဟုတ် မြေမြှုပ်မိုင်းကဲ့သို့သော ကိရိယာများရှိသည့် နေရာများကို အရပ်သားများအား သတိပေးရန်အတွက် လိုအပ်သော အစီအမံအားလုံးကို ဆောင်ရွက်ရန် နှင့်
- လက်နက်ကိုင်အဖွဲ့ထိန်းချုပ်မှုအောက်ရှိ နယ်မြေများနှင့် ဆက်စပ်နေသည့် နယ်မြေများအပါအဝင် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊ သို့မှသာ အဆိုပါလုပ်ငန်းစဉ်မှ ပဋိပက္ခများတွင် သက်ဆိုင်သူအားလုံး၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှဉ်းပန်းမှုများကို စုံစမ်းစစ်ဆေးနိုင်မည်ဖြစ်သည်။

# ထိုင်းအစိုးရထံ

- နယ်စပ်ရှိ ထိုင်းလုံခြုံရေးတပ်ဖွဲ့များသည် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်ခံရမှုများမှ လွတ်မြောက်ရန် ထိုင်းနိုင်ငံသို့ထွက်ပြေးလာသော မြန်မာနိုင်ငံသားများအား ခွင့်ပြုရန်နှင့် ၎င်းတို့၏လုံခြုံရေးအတွက် လိုအပ်သမျှကာလပတ်လုံး ထိုင်းနိုင်ငံတွင် ရှိနေစေရေး၊ ထိုင်းဝန်ကြီးချုပ်၏ နိုင်ငံတကာဥပဒေကို လေးစားလိုက်နာမည်ဆိုသော ကတိကဝတ်နှင့်အညီ နေရပ်သို့ပြန်သွားစေခြင်းများကို ရှောင်ရှားရန်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းသူတိုင်းကို ဒုက္ခသည်ဖြစ်လာနိုင်သည် ဆိုသော အနေအထားဖြင့် ဆက်ဆံပြီး ခိုလှုံခွင့်ပြုရန်။
- ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော နှိပ်စက်ညှဉ်းပန်းခြင်းအပါအဝင် ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနိုင်ခြေအလွန်မြင့်မားသောကြောင့် ထိုင်းနိုင်ငံမှ မြန်မာစစ်ကောင်စီထံသို့ ပြန်ပို့ဆောင်ခံရမည့် သူတိုင်းအား အတင်းအကျပ် နေရပ်မပြန်စေရေးကို လိုက်နာမည်ဟု လူသိရှင်ကြား ကတိပြုပြီး လက်တွေ့တွင်လည်း သေချာစေရန်။
- မြန်မာနိုင်ငံအရှေ့ပိုင်းရှိ အရပ်သားများသို့ နယ်စပ်ဖြတ်ကျော်အကူအညီများ တိုးမြှင့်ခွင့်ပြုရန်အတွက် နိုင်ငံတကာနှင့် ပြည်တွင်းသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် စွမ်းဆောင်မှုရှိရှိလုပ်ဆောင်ကာ ယင်းအကူအညီများကို ပိတ်ဆို့ခြင်း သို့မဟုတ် ခိုးယူခြင်းမပြုစေရန် မြန်မာနိုင်ငံစစ်ကောင်စီအား ဖိအားပေးရန်၊ နှင့်
- နိုင်ငံတကာနှင့် ပြည်တွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သူများအား ထိုင်းနိုင်ငံရှိ ဒုက္ခသည်များနှင့် အခြားရွှေ့ပြောင်းနေထိုင်ရာနေရာများသို့ ဝင်ရောက်ခွင့်ပြုပေးခြင်းဖြင့် အဆိုပါအဖွဲ့အစည်းများသည် ဒုက္ခသည်များ၏ လိုအပ်ချက် အကဲဖြတ်မှုများကို လျင်မြန်စွာဆောင်ရွက်နိုင်ပြီး လိုအပ်သောအကူအညီများ ပံ့ပိုးပေးနိုင်ရန်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့

- အချက်ငါးချက်ပါ ဘုံသဘောတူညီမှုသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများကို ရပ်တန့်မသွားစေနိုင်သေးသည်ကို သိရှိကာ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် စစ်တပ်ကကျူးလွန်နေသည့် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် ရာဇဝတ်မှုများအပါအဝင် ဒေသတွင်း စိုးရိမ်စရာအခြေအနေပိုများလာသဖြင့် မြန်မာစစ်ကောင်စီအပေါ် သိသိသာသာ ဖိအားများ တိုးမြင့်လာခဲ့သည်။ အစုအဖွဲ့အနေဖြင့် ဆောင်ရွက်ခြင်းအပြင် အာဆီယံသည် တရားမျှတမှုနှင့် တာဝန်ခံမှု ရှိစေရန်အတွက် တွန်းအားပေးရန် အဖွဲ့ဝင်နိုင်ငံများ၏ အပြန်အလှန် လုပ်ဆောင်ချက်ကို ထောက်ခံသင့်ပြီး စစ်ကောင်စီအပေါ် ဖိအားများ အမြင့်ဆုံးဖြစ်စေရန်အတွက် အစုအဖွဲ့ပြင်ပရှိ အစိုးရများနှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်သည်။

- မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအဆုံးသတ်ရန် အသေးစိတ်ပုံစံကို ရေးဆွဲကာ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ပစ်မှုများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို ချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိစေရန်။ လျင်မြန်စွာ လုပ်ဆောင်ရမည့် ကိစ္စရပ်များတွင် စစ်တပ်မှ စိတ်ထင်သလို ဖမ်းဆီးထားသူအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုခြင်းနှင့် အရပ်ဘက်ဒေသများတွင် ကျယ်ပြန့်သောဧရိယာများကို သက်ရောက်မှုရှိစေသော အမြောက်၊ မော်တာကျည်ဆန်များဖြင့်ပစ်ခတ်ခြင်းအပြင် အထိန်းအကွပ်မဲ့ လေကြောင်းတိုက်ခိုက်မှုများ အပါအဝင် ဖောက်ခွဲရေးလက်နက်များအသုံးပြုမှုကို စစ်တပ်က ရပ်တန့်ရန် လူသိရှင်ကြားတောင်းဆိုမှုများ ပါဝင်သင့်သည်။

- မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှ လွတ်ကင်းရန် ထွက်ပြေးလာသည့် အရပ်သားများ အပါအဝင် ဒုက္ခသည်များကို အတင်းအကျပ်နေရပ်ပြန်စေခြင်းမပြုရေးအား ကတိကဝတ်ပြုရန်။

- မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ပဋိပက္ခဒဏ်ခံရသော သူများအတွက် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန်။

- မြန်မာနိုင်ငံအပေါ် လက်နက်ရောင်းချမှုအားလုံး ပိတ်ပင်ရန်နှင့် မြန်မာနိုင်ငံတွင်းမှ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ တင်ပြပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တောင်းဆိုရန် နှင့်

- ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံဆိုင်ရာ ပုံမှန် တံခါးဖွင့်အစည်းအဝေးများ ကျင်းပနိုင်ရေးတွင် ပံ့ပိုးကူညီရန်။

## ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့

- မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်ပြီး ပုံမှန်အစည်းအဝေးများကျင်းပပြီး လိုအပ်သည့်အတိုင်း အရပ်သားများကို အန္တရာယ်ပေးနေသော လက်နက်စီးဆင်းမှုကို ရပ်တန့်ရန် နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ကန့်သတ်မှုမရှိဘဲ ဝင်ရောက်ခွင့်ပြုရန် လိုအပ်ကြောင်း မြန်မာအာဏာပိုင်များကို နားလည်သိရှိစေမည့် တိကျရှင်းလင်းသော သတင်းစကားပါဝင်သော ဆုံးဖြတ်ချက်များချမှတ်ရန်၊ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့ အပါအဝင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးမှူးများအတွက် အတားအဆီးမရှိ သွားလာခွင့်ပြုရန်၊ ပြစ်မှုကျူးလွန်သူများကို ရာဇဝတ်မှုဖြင့် တာဝန်ခံစေရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်။

## အလှူရှင်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများသို့

- မြန်မာနိုင်ငံအတွင်းဖြစ်စေ သို့မဟုတ် နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ သင့်လျော်သော ပေးပို့မှုနည်းလမ်းနှင့် လိုအပ်ချက်များကို ခွဲခြားသတ်မှတ်ပြီး ပြည်တွင်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ နေရပ်စွန့်ခွာရသူများနှင့်  အရပ်သားလူထုများ၏ လိုအပ်ချက်များကို အထောက်အကူပေးရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ သိသိသာသာ တိုးမြှင့်ရန်။ ရန်ပုံငွေများသည် အချိန်မီ၊ ပြောင်းလွယ်ပြင်လွယ်ပြီး၊ ကြိုတင်ခန့်မှန်းနိုင်သော ရေရှည်တည်တံ့ခိုင်မြဲပြီး လက်ငင်းနှင့် ရေရှည်လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည့်အနေအထားဖြစ်ကြောင်း သေချာစေရန်။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အစီအစဉ်ရေးဆွဲခြင်းအားလုံးကို အန္တရာယ်ရှိသည့် အုပ်စုများအားလုံးရရှိစေရန်နှင့် ၎င်းတို့အထဲတွင် အသက်ကြီးသူများနှင့် မသန်စွမ်းသူများပါဝင်ကြောင်း သေချာမှုရှိစေရန်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွင် ပြဋ္ဌာန်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် ရပိုင်ခွင့်များကို လိုက်နာခြင်းဖြင့် အဆိုပါလူအစုအဖွဲ့များ၏ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ရွှေ့ပြောင်းနေထိုင်သည့်နေရာများတွင် ရှိသည့် မည်သည့်အခြေခံအဆောက်အအုံမဆို ညွှန်ပြသည့် တုံ့ပြန်ရေးအစီအစဉ်များကို စီစဉ်ရန်။

- အကူအညီများကို ပံ့ပိုးပေးသူများအား အထောက်အကူပြုမည့် သင်တန်းများပေးခြင်းနှင့် လိုအပ်သော နောက်ဆက်တွဲစိစစ်ခြင်းများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များတစ်လျှောက် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများကို အဓိကထားလုပ်ဆောင်ကြောင်း သေချာစေရန်၊ လက်ရှိဖြစ်ပွားနေသော တိုက်ပွဲကာလများထက်ကျော်လွန်၍ လိုအပ်ချက်များကို လုံလောက်စွာဖြေရှင်းနိုင်ရန် ရေရှည်တည်တံ့သော စောင့်ရှောက်မှုစနစ်များထားရှိရန်။ နှင့်

- မြန်မာနိုင်ငံအရှေ့ပိုင်းအပါအဝင် နိုင်ငံတစ်ဝှမ်းရှိ ပဋိပက္ခများတွင် မြန်မာစစ်တပ်နှင့် အခြားအဖွဲ့အစည်းများမှ ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရေး လုပ်ဆောင်နေသော ပြည်တွင်းလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီမှုများ တိုးမြှင့်ပေးရန်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုးရီးယား၊ တရုတ်၊ အိန္ဒိယ၊ နှင့် ရုရှားနိုင်ငံတို့ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့

- စစ်ဘက်သုံး လေကြောင်းလောင်စာဆီအပါအဝင်၊ အခြားစစ်ဘက်ဆိုင်ရာနှင့် လုံခြုံရေးပစ္စည်းများအပါအဝင် လက်နက် ခဲယမ်းပစ္စည်းများအားလုံးကို  တိုက်ရိုက်နှင့်သွယ်ဝိုက်သော ထောက်ပံ့မှု၊ ရောင်းချမှုနှင့် လွှဲပြောင်းပေးအပ်မှု၊ ကြားခံနှင့် တင်ပို့မှုတို့အပါအဝင် လေ့ကျင့်ရေးနှင့် အခြားသော စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းကို ချက်ချင်းရပ်ဆိုင်းရန်။

- မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အဖွဲ့ ကို ထောက်ခံပြီး ၎င်း၏လုပ်ငန်းတာဝန်များအောင်မြင်ပြီးမြောက်ရန် လိုအပ်သော နိုင်ငံရေး ကျောထောက်နောက်ခံ၊ လက်လှမ်းမီမှုနှင့် ငွေကြေးအရင်းအမြစ်များ ရှိကြောင်း သေချာစေရန်၊ အထူးသဖြင့် ၎င်း၏လုပ်ငန်းများချဲ့ထွင်ရာတွင်၊ ပထဝီဝင်အနေအထားနှင့် အာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများစွာနှင့် ကျူးလွန်သူများကို စုံစမ်းစစ်ဆေးရန် နှင့်
- • မြန်မာနိုင်ငံတွင် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှု သို့မဟုတ် အခြားရာဇဝတ်မှုများကျူးလွန်သည်ဟု ကျိုးကြောင်းဆီလျော်စွာ သံသယဖြစ်ဖွယ်ရှိသော မည်သူ့ကိုမဆို စုံစမ်းစစ်ဆေးရန် နိုင်ငံတကာနှင့် နှင့် အခြားသော တရားစီရင်ပိုင်ခွင့်ပုံစံများကို ကျင့်သုံးရန်။ လုံလောက်သော လက်ခံနိုင်လောက်သော သက်သေအထောက်အထားများရှိပါက၊ တရားမျှတမှုရှိသော နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော တရားစီရင်မှုတွင် သံသယရှိသူအား သေဒဏ်ပေးရန်ရည်ရွယ်ခြင်း သို့မဟုတ် ချမှတ်ခြင်း မပါဝင်ပဲ တရားစွဲဆိုခြင်း သို့မဟုတ် သံသယရှိသူအား ထိုသို့ပြုလုပ်မည့် တရားစီရင်ခွင့်အာဏာသို့ လွှဲအပ်ခြင်းပြုရန်။

# အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် လူ့အခွင့်အရေးများအတွက် ကမ္ဘာတစ်ဝန်း လှုပ်ရှားမှုကြီး တစ်ရပ်ဖြစ်သည်။ လူတစ်ဦး မတရားပြုကျင့်ခံရခြင်းသည် လူတိုင်းကို ထိခိုက်စေခြင်း ဖြစ်သည်။


CONTACT US

info@amnesty.org

+44 (0)20 7413 5500


JOIN THE CONVERSATION

www.facebook.com/AmnestyGlobal

@Amnesty

# “ကျည်ဆံမိုးတို့ သွန်းဖြိုးရွာ”

## မြန်မာနိုင်ငံအရှေ့ပိုင်းမှ စစ်ရာဇဝတ်မှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ အရှေ့ပိုင်း ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ၎င်း၏ စစ်ဆင်ရေးများတွင် စစ်တပ်သည် အရပ်သားများကို စုပေါင်းပြစ်ဒဏ်ပေးခဲ့ပြီး လူပေါင်း ၁၅၀,၀၀၀ ကျော်ကို အဓမ္မ နေရပ်စွန့်ခွာ ရွှေ့ပြောင်းစေခဲ့သည်။ ရွာများကို ပစ်ခတ်မှုများ၊ လေကြောင်း တိုက်ခိုက်မှုများဖြင့် မတွန့်မဆုတ် တိုက်ခိုက်ခဲ့ပြီး အရပ်သားများ သေဆုံး ဒဏ်ရာရရှိကာ နေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေး အဆောက်အအုံများအား ပျက်စီးစေခဲ့သည်။ စစ်သားများသည် မိမိတို့နေရပ်သို့ပြန်ရန် ကြိုးပမ်းသူများကို ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် တရားလက်လွတ် ကွပ်မျက်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်တပ်က ရွာတွေကို မီးရှို့ခဲ့ပြီး အိုးအိမ်ပစ်ပြေးရသော မိသားစုများ ချန်ထားရစ်ခဲ့ရသော တန်ဖိုးရှိပိုင်ဆိုင်မှုများကို လုယက်ဖျက်ဆီးခဲ့ပါသည်။

ဤအစီရင်ခံစာသည် ချိုးဖောက်မှုများမှ အသက်ရှင်ကျန်ရစ်သူ ၆၅ ဦးနှင့် အခြားသက်သေများအပါအဝင် လူ ၉၉ ဦးနှင့် တွေ့ဆုံမေးမြန်းမှုများကို အခြေခံထားပါသည်။ မြန်မာစစ်တပ်မှ ထွက်ပြေးလာသူ သုံးဦး၊ နှင့် ဆေးဘက်ဆိုင်ရာ ပညာရှင် ခုနစ်ဦးလည်းပါပါသည်။ အစီရင်ခံစာအား ဂြိုလ်တုပုံရိပ်များ စစ်ဘက်အသုံးပြုသည့် လက်နက်များ၊ တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် ဓာတ်ပုံနှင့် ဗီဒီယိုပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာသုတေသနပြုကာ ပြုစုထားသည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ စစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သကဲ့သို့သော ရာဇဝတ်မှုများသည် ကာလကြာမြင့်စွာရှိခဲ့သည့် တမင်တကာချမှတ်ထားသည့် ဗျူဟာတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တာဝန်ရှိသူများမှာ စစ်တပ် ထိပ်ပိုင်းအဆင့်ရှိသူ အများစု ဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် လက်နက်ရောင်းချမှုအားလုံး ပိတ်ပင်တားမြစ်ခြင်းကို အကောင်အထည်ဖော်ပြီး မြန်မာနိုင်ငံတွင်းအခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ တင်ပြရမည်ဖြစ်သည်။ အလှူရှင်များဘက်မှလည်း မြန်မာနိုင်ငံ အရှေ့ပိုင်းအပါအဝင် နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို တုံ့ပြန်ရန် အထောက်အကူပေးရာတွင် အရှိန်မြှင့် ဆောင်ရွက်ရမည်ဖြစ်သည်။

AMNESTY
INTERNATIONAL